# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

January 22 , 2024 Volume 74, Number 14

၂၂.၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၂၂ US$ |
| မြန်မာ့ရွှေဈေး | = ၃၇၈၀၀၀၀ |
| ဒေါ်လာဈေး | = ၃၄၉၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၃.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၄.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၁.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၁.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၈၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၅၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၉၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၄.၉၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၀၄၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ကုန်ကြမ်းရှားပါးမှုကြောင့် မြန်မာ့မှျစ်ခြောက် တရုတ်သို့မပို့နိုင်

မြန်မာနိုင်ငံကထွက်ရှိတဲ့ မှျစ်ခြောက်ကို တရုတ်နိုင်ငံကဝယ်ယူလိုကြောင်း ကမ်းလှမ်းထားပေမယ့် ကုန်ကြမ်းရှားပါးမှုကြောင့် တင်ပို့နိုင်ခြင်းမရှိသေးကြောင်း မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်း၊ မှျစ်လုပ်ငန်းအစုအဖွဲ့မှ သိရပါတယ်။

တရုတ်ပြည်က ကမ်းလှမ်းတာရှိတယ်။ ဂျပန်ကရှိတယ်။ ပို့နိုင်တာကတော့ ဂျပန်ပဲ ပို့နိုင်သေးတယ်ဟု မှျစ်လုပ်ငန်းအစုအဖွဲ့မှဥက္ကဋ္ဌ ဒေါ်နန်းခင်အုန်းက ပြောပါတယ်။

ဂျပန်နိုင်ငံတစ်ခုတည်းကပဲ မြန်မာ့မှျစ်ခြောက်တန်ချိန် ၂၀၀ ခန့် ဝယ်ယူလိုကြောင်းအမှာရှိနေပေမဲ့ ကုန်ကြမ်းရှားပါးမှုကြောင့် ဈေးကွက်လိုသလောက် တင်ပို့နိုင်ခြင်းမရှိသေးဘူးလို့ ဆိုပါတယ်။

ဒီနှစ်က ကုန်ကသိပ်မရတော့ သိပ်မပို့နိုင်ဘူး။ ကုန်ကြမ်းမရှိတာဟု ဥက္ကဋ္ဌ ဒေါ်နန်းခင်အုန်းက ဆက်လက်ပြောကြားပါတယ်။

မှျစ်လုပ်ငန်းကို နေပြည်တော်အတွင်းက မြို့နယ်တွေမှာ အဓိကလုပ်ကိုင်ကြပြီး မှျစ်တွေကိုအချဉ်ခံကာ ထုပ်ပိုးသည့်စနစ်နဲ့ လက်လီလက်ကား ဖြန့်ချိလျက်ရှိပါတယ်။

မှျစ်အစိုတစ်ပိဿာလျှင် ငွေကျပ် ၈၀၀ နှင့် ဝါးနုတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ခန့်ရရှိပြီး နေရာဒေသပေါ်မူတည်ကာ ဈေးနှုန်းကွာခြားမှုရှိပါတယ်။

ပျဉ်းမနားမြို့နယ်က လိလိမ်၊ လွှဲကြီး၊ ရေပြောင်းပြန်၊ ဂမုန်းတောင်၊ မြေမြို့တောင်၊ စောင်တောင်ကြီး၊ မဲပေါက်၊ ပင်ရဲဆိုဒေသတွေဟာ ဝါးတောများပေါများတဲ့နေရာဖြစ်ပြီး မှျစ်အများဆုံး ထွက်ရှိရာ ဒေသလည်း ဖြစ်ပါတယ်။

လက်ရှိ ဈေးကွက်အတွင်းမှာ မှျစ်ခြောက် ၂၅ ကျပ်သား ၅၀၀၀ ကျပ်၊ ၅၀ သား ၈၅၀၀ ကျပ်၊ တစ်ပိဿာ ၁၆၀၀၀ ကျပ်အထိ ဈေးရရှိနေပြီး မှျစ်ချဉ် တစ်ပိဿာ ၄၅၀၀ ကျပ်၊ မှျစ်ချို တစ်ပိဿာ ၄၇၀၀ ဝန်းကျင် ပေါက်ဈေးရှိနေပါတယ်။

ပြည်တွင်းမှထွက်ရှိတဲ့ မှျစ်ခြောက်များကို ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်နဲ့ တရုတ်နိုင်ငံတို့မှ ဝယ်ယူလျက်ရှိပါတယ်။

**Source: BETV Business**

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၁၅-၁-၂၀၂၄ မှ ၁၉-၁-၂၀၂၄) အတွင်း ပဲနှင့်အခြား ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2023 Crop) ကျပ် ၂၉,၉၀,၀၀၀၊ မတ်ပဲ SQ/RC (2023 Crop) ကျပ် ၃၃,၁၀,၀၀၀ နှင့် ပဲစင်းငုံ Red/RC(2023 Crop) ကျပ် ၃၄,၃၀,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲFAQ/ RC(2023 Crop) ကျပ် ၅၀၀၀ နှင့် ပဲစင်းငုံ Red/RC (2023

Crop ) ကျပ် ၁,၄၂,၅၀၀ ဈေးမြင့်တက်ခဲ့ပြီး မတ်ပဲ SQ/RC (2023 Crop) ကျပ် ၃၅,၀၀၀ ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2023 Crop) ကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀) နှင့် ( မတ်ပဲ SQ/RC (2023 Crop) ကွန်တိန်နာ ၃၀ လုံး ( တန်ချိန် ၇၂၀ ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2023 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) နှင့် (မတ်ပဲSQ/RC(2023 Crop) ကွန်တိန်နာ ၃၅ လုံး ( တန်ချိန် ၈၄၀ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2023 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) လျော့နည်းဝင်ရောက်ခဲ့ပြီး မတ်ပဲSQ/RC ( 2023 Crop )ကွန်တိန်နာ ၅လုံး( တန်ချိန် ၁၂၀ ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲ ငရုတ်(သစ်) AC ကျပ် ၁၂,၀၀၀၊ မြားနီ ကျပ် ၁၂,၀၀၀၊ အိမ်မဲ ကျပ် ၆၀၀၀၊ ဆင်ဖြူကွျန်း (ပု) ကျပ် ၁၇,၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၆,၀၀၀ ဈေး အသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မြားနီ ကျပ် ၁၀၀၀၊ အိမ်မဲ ကျပ် ၁၀၀၀၊ ဆင်ဖြူကွျန်း (ပု) ကျပ် ၁၀၀၀ အသီးသီး ဈေးကျဆင်းခဲ့ပြီး ကျန်ငရုတ်သီးများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၁၈၀၀ (၃၆,၀၀၀ ပိဿာ)နှင့် ငရုတ်ပု အိတ်ပေါင်း ၁၉၀ (၂၈၅၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၂၆၀၀ (၅၂,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၅၀၀ (၇၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၈၀၀ (၁၆,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၃၁၀ (၄၆၅၀ ပိဿာ) နှင့် ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၃၅၀၊ မန်ကျည်းအသား (သစ်) ကျပ် ၂၇၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးဈေးများ ငြိမ်လျက်ရှိကြောင်း သိရသည်။

**ထန်းလျက်၊ ကြံသကာ နှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၅၀၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၅၀၀၀၊ ပခုက္ကူကြိမ်း ကျပ် ၅၃၀၀၊ ရေစကြို ထန်းလျက်(ချော)ကျပ် ၆၀၀၀၊ ကြံသကာ(စစ်) ကျပ် ၄၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၉၃၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာမလိုင်(ဒုံး) ကျပ် ၁၀၀၊ ပခုက္ကူကြိမ်း ကျပ် ၁၀၀၊ ရေစကြိုထန်းလျက်(ချော)ကျပ် ၁၀၀၊ ကြံသကာ(စစ်) ကျပ် ၂၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၅-၁-၂၀၂၄ မှ ၁၉-၁-၂၀၂၄ ) အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီနှင့်ကြက်သွန်ဖြူဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၄၀၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၄၀၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၄၀၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၃၁၀၀၊ မြင်းခြံသစ်ရှယ် ကျပ် ၃၇၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၃၅၀၀၊ မြင်းခြံလတ်သန့် ကျပ် ၂၉၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၂၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၅၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၅၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၀၀၊ဆိပ်ဖြူ လတ်ချော ကျပ် ၂၀၀၊ မြင်းခြံရှယ် ကျပ် ၄၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၃၀၀၊ မြင်းခြံလတ်သန့် ကျပ် ၁၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၁၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၇၀ စီး (၁၀,၂၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၇၅ စီး (၁၀,၅၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီကားစီးရေ ၅ စီး (၃၀,၀၀၀ ပိဿာ)ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) စျေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၉၈၀၀၊ အောင်ပန်းထူး-၂ ကျပ် ၁၅,၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၅,၈၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၆,၃၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၆,၈၀၀ အသီးသီးစျေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၂၀၀၊ အောင်ပန်းထူး-၃ ကျပ် ၃၀၀၊ အောင်ပန်းထူး-၄ ကျပ် ၃၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၃၀၀ အသီးသီးစျေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၂၆၀၀ (၇၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၃၅၀၀ ( ၁,၀၅,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၉၀၀ (၂၇,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ပင်လယ်နီပဋိပက္ခကြောင့် ရေနံစျေးတက်

ပင်လယ်နီမှတစ်ဆင့် နိုင်ငံတကာကုန်သွယ်မှုတွင် အနှောင့်အယှက်များဖြစ်ပေါ်နေခြင်းနှင့် အရှေ့အလယ်ပိုင်းတွင် တင်းမာမှုများ တိုးမြင့်လာခြင်းကြောင့် စီးပွားရေးအပေါ် အကျိုးသက်ရောက်မည်ကို စိုးရိမ်မှုများနှင့်အတူ ရေနံစျေးသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၀ သို့ ရောက်ရှိခဲ့ပါသည်။

ကမ္ဘာ့စီးပွားရေးတွင် ပြင်းထန်သော ငွေကြေးဖောင်းပွမှုများရှိလာနိုင်သည်ဟု သုံးသပ်မှုများကြောင့် စနေနေ့တွင် Brent ရေနံစိမ်းစျေးသည် ၄ ရာခိုင်နှုန်းတက်ခဲ့ပြီး တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၀ ဒသမ ၇၅ ပေါက်ခဲ့ပြီး အမေရိကန်နှင့် ဗြိတိန်မှ ယီမင်၏ဟူသီသူပုန်နေရာများကို တိုက်ခိုက်ပြီးနောက် စိုးရိမ်ပူပန်မှုများကြောင့် အမေရိကန်အနောက်ပိုင်း တက္ကဆပ်ပြည်နယ်ထွက် ရေနံစိမ်းမှာလည်း စျေးတက်လာခဲ့သည်။

လက်ရှိတွင် ကမ္ဘာ့အကြီးဆုံး သင်္ဘောလိုင်းများသည် ပင်လယ်နီကိုဖြတ်၍ တင်ပို့မှုများကို ခေတ္တရပ်နားထားကာ အာဖရိကတောင်ဘက်စွန်းရှိ Good Hope အငူမှစ၍ ကွန်တိန်နာကုန်စည်ပို့ဆောင်မှုကို လမ်းကြောင်းပြောင်းပြီး မိုင်ထောင်ချီပိုဝေးသော ခရီးလမ်းကြောင်းကို ရွေးချယ်ရသောကြောင့် ခရီးစရိတ်များ တိုးမြင့်ခြင်းနှင့် ဥရောပသို့ အရေးကြီးသော အစိတ်အပိုင်းများနှင့် လူသုံးကုန်ပစ္စည်းများ ပို့ဆောင်မှုတို့ နှောင့်နှေးလျက်ရှိပါသည်။

စီးပွားရေးပညာရှင်များက သင်္ဘောဖြင့်သယ်ယူပို့ဆောင်ခြင်းတွင် အတားအဆီးများနှင့် မြင့်မားသော ရေနံစျေးနှုန်းများ ဆက်လက်ဖြစ်ပွားနေပါက ကိုဗစ်ကပ်ရောဂါနှင့် ၂၀၂၂ ခုနှစ် ရုရှား-ယူကရိန်း အရေးအခင်းကြောင့်ဖြစ်ပွားခဲ့သည့် ဆယ်စုနှစ်များစွာအတွင်း အမြင့်ဆုံး ငွေကြေးဖောင်းပွမှုကိုလျှော့ချရန် ကြိုးပမ်းမှုများကို ထိခိုက်စေနိုင်ကြောင်း သတိပေးထားသည်။ ပင်လယ်နီမှ အာဖရိကကမ်းရိုးတန်းတစ်ဝိုက်သို့ သင်္ဘောများလမ်းကြောင်းပြောင်းခြင်းသည် ခရီးကြာချိန် ၁၀ ရက်ခန့် ပိုကြာစေပြီး ပို့ဆောင်မှုကုန်ကျစရိတ်နှင့် ထုတ်လုပ်သူနှင့် လက်လီရောင်းချသူများအတွက် နှောင့်နှေးမှုများ ဖြစ်စေပါသည်။

**Source: The Guardian**

**Source: https://commerce.gov.mm**

## ရေထွက်ပစ္စည်းတင်ပို့မှုသည် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉ ဒသမ ၅ ဘီလီယံအထိ ရှိမည်ဟုခန့်မှန်း

ဗီယက်နမ်ပင်လယ်စာတင်ပို့ရောင်းချသူများအသင်း (VASEP) ၏ အဆိုအရ ၂၀၂၄ ခုနှစ်တွင် ရေထွက်ကုန်ပစ္စည်းတင်ပို့မှုအတွက် အမေရိကန်ဒေါ်လာ ၉ ဒသမ ၅ ဘီလီယံ ရည်မှန်းထားကြောင်းသိရှိရသည်။ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက Tra ငါးနှင့် ပုစွန်မှ အမေရိကန်ဒေါ်လာ ၄ ဘီလီယံခန့်ရရှိမည်ဟု ခန့်မှန်းထားရာ ဘီလီယံ ၃ ရာခိုင်နှုန်းတိုးတက်မည်ဟု ဗီယက်နမ်အစိုးရပေါ်တယ်က ဖော်ပြခဲ့သည်။

VASEP ၏ ခန့်မှန်းချက်အရ ရေထွက်ကုန်တင်ပို့မှုသည် တည်ငြိမ်မှုမရှိသော စျေးကွက်ဝယ်လိုအားနှင့် ကမ္ဘာ့စီးပွားရေး အခက်အခဲများကြောင့် ၂၀၂၃ ခုနှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ယခုနှစ် ပထမနှစ်ဝက်တွင် အနည်းငယ်သာ ပြန်တက်လာမည်ဖြစ်ကြောင်း သိရှိရသည်။

၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ ရေထွက်ကုန်တင်ပို့မှု ပမာဏသည် စုစုပေါင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၂ ဘီလီယံ ရှိပြီး ပို့ကုန်ရည်မှန်းချက်၏ ၉၂ ရာခိုင်နှုန်းနှင့်ညီမျှသည်။ ပုစွန်တင်ပို့ခြင်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၅ ဘီလီယံခန့်ဖြင့် အများဆုံးပံ့ပိုးပေးခဲ့ပြီး၊ ၎င်းနောက်တွင် ထရာငါး (ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံ)၊ တူနာငါး (ဒေါ်လာ သန်း ၉၀၀) နှင့် ခရုများ (ဒေါ်လာ သန်း ၈၀၀) တို့ဖြစ်ကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ၏ စုစုပေါင်းရေထွက်ကုန်သည် ၂၀၂၃ ခုနှစ်တွင် တန်ချိန် ၉ ဒသမ ၂ သန်း ရှိမည်ဟု ခန့်မှန်းထားပြီး ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရှိရသည်။

**Source: VN Economy**

**(စီးပွားရေးသံမှူး၊ ဗီယက်နမ်)**

## ဒူဘိုင်းကုမ္ပဏီများက ထိုင်းနိုင်ငံ၏ ကုန်းမြေချိတ်ဆက်သည့် စီမံကိန်းအစီအစဉ် (Land Bridge Plan) အပေါ် စိတ်ဝင်စားမှုရှိကြောင်း ထိုင်းနိုင်ငံဝန်ကြီးချုပ်မှ ပြောကြားခဲ့

နိုင်ငံပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့် ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Dubai Ports (DP) World က ထိုင်းနိုင်ငံ၏ ဘတ် ၁ ထရီလီယံ ကုန်းမြေချိတ်ဆက်သည့် မီဂါစီမံကိန်းအပေါ် စိတ်ဝင်စားမှုရှိသည်ဟု ဝန်ကြီးချုပ် Srettha Thavisin ၏ ပြောကြားချက်အရ သိရှိရသည်။

ဒါးဗို့စ်တွင်ကျင်းပခဲ့သော ကမ္ဘာ့စီးပွားရေးဖိုရမ်၌ “Thailand Land Bridge: Connecting Asean with the World” ဖြင့် ဆွေးနွေးခဲ့မှုတွင် ဝန်ကြီးချုပ်၏ DP World ၏ ဥက္ကဋ္ဌ၊ အုပ်ချုပ်မှုအကြီးတန်းအရာရှိ Mr. Sultan Ahmed bin Sulayem နှင့် တွေ့ဆုံခဲ့ကြောင်း၊ ယင်းတွေ့ဆုံခဲ့မှုတွင် ကုမ္ပဏီအနေဖြင့် စီမံကိန်း၌ ရင်းနှီးမြှုပ်နှံရန်စိတ်ပါဝင်စားမှုကို ရှင်းရှင်းလင်းလင်း မြင်တွေ့ခဲ့ရပါကြောင်း၊ စီမံကိန်းနေရာကိုလေ့လာရန်နှင့် ဆွေးနွေးမှုများဆောင်ရွက်နိုင်ရန် ကုမ္ပဏီမှကိုယ်စားလှယ်များကို ထိုင်းနိုင်ငံသို့ ခရီးစဉ်သွားရောက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဟုဆွေးနွေးခဲ့ကြောင်း ဝန်ကြီးချုပ်က ဖြည့်စွက်ပြောကြားခဲ့သည်။

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး Mr. Suriya Jungrungreangkit က အဆိုပါလေ့လာမှုတွင် အတူတကွ သွားရောက်ပေးမည်ဖြစ်ကြောင်း၊ အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့အခြေစိုက် DP World သည် နိုင်ငံပေါင်း ၆၉ နိုင်ငံတွင် ထောက်ပံ့ပို့ဆောင်ရေး (Logistics) ကိစ္စရပ်များဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီတစ်ခုဖြစ်ပါကြောင်း၊ Laem Chabang International Terminal Co., Ltd ၏ ရှယ်ယာဝင်တစ်ဦးဖြစ်ပြီး ထိုင်းနိုင်ငံ၏ အလုပ်အများဆုံး အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတစ်ခုဖြစ်သည့် လန်ချာဘန်းဆိပ်ကမ်းတွင် ကုန်သေတ္တာများလည်ပတ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ၌ ဖက်စပ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဘတ် ၁ ထရီလီယံ မီဂါစီမံကိန်းသည် ရနောင်း (Ranong) ကို ချွန်ဖောင် (Chumphon) နှင့် ချိတ်ဆက်ပေးရန် ဖြစ်ကြောင်း၊ စီမံကိန်းတွင် ပြည်နယ် ၂ ခုစလုံး၌ ရေနက်ဆိပ်ကမ်း၊ ဖြတ်သန်းဖောက်လုပ်မည့် မော်တော်ကားလမ်းနှင့်ရထားလမ်းစနစ်များ ပါဝင်မည်ဖြစ်သည်။

ဖိုရမ်တွင် ဝန်ကြီးချုပ်သည် ဘယ်လ်ဂျီယံဝန်ကြီးချုပ်နှင့်တွေ့ဆုံခဲ့ပြီး ထိုင်းနိုင်ငံနှင့်ဘရပ်ဆဲလ်တို့အကြား တိုက်ရိုက်လေကြောင်းလိုင်းပြေးဆွဲရန်၊ ထိုင်းနိုင်ငံသားများ ဥရောပသို့ ခရီးသွားဗီဇာလျှော့ပေါ့ထားရာတွင် လွယ်ကူစေရေး ထိုင်းနိုင်ငံကူးလက်မှတ်ကို အဆင့်မြှင့်တင်ရန်နှင့် လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်အတွက် အလားအလာများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း၊ ဝန်ကြီးချုပ်သည် Microsoft ပူးတွဲတည်ထောင်သူ Bill Gates နှင့်လည်းတွေ့ဆုံခဲ့ပြီး ထိုင်းနိုင်ငံတွင် Microsoft အချက်အလက်စင်တာ တည်ထောင်နိုင်ရေး ဆွေးနွေးခဲ့ကြောင်း ဝန်ကြီးချုပ် Srettha Thavisin က ဆက်လက်ပြောကြားခဲ့သည်။

**Source: www.bangkokpost.gov၊**

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**


## အမေရိကန်နိုင်ငံသားများ၏ စီးပွားရေးတိုးနှုန်းအပေါ်ရှုမြင်ပုံသည် ဆယ်စုနှစ်အတွင်း အမြင့်ဆုံးဖြစ်လာ

အမေရိကန်နိုင်ငံသားများ၏ စီးပွားရေးတိုးနှုန်းအပေါ်ရှုမြင်ပုံသည် ဆယ်စုနှစ်အတွင်း အမြင့်ဆုံးဖြစ်လာခဲ့ကြောင်း Wall Street Journal အွန်လိုင်းသတင်းတွင် ၁၉-၁-၂၀၂၄ ရက်နေ့၌ “Americans Are Suddenly Upbeat About Economy. Sentiment Just Logged Its Biggest Jump in Decades” ခေါင်းစဉ်ဖြင့် ဖော်ပြချက်အရ သိရှိရသည်။

အမေရိကန်နိုင်ငံသား စားသုံးသူများအနေဖြင့် စီးပွားရေးတိုးနှုန်းသည် အကောင်းဘက်သို့ရောက်ရှိမည်ဟု ရုတ်တရက် ယူဆလာခဲ့ကြပြီး အမေရိကန်နိုင်ငံသားများ၏ Consumer Sentiment သည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ လယ်ပိုင်းတွင် (၁၃) ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်ဟု မီချီဂန်တက္ကသိုလ်၏ လေ့လာမှုအရသိရှိရပါကြောင်း၊ ဤတိုးနှုန်းသည် ရုတ်တရက်တိုးလာခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် စုစုပေါင်း (၂ ဒသမ ၉) ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သဖြင့် ၁၉၉၁ ခုနှစ်နောက်ပိုင်း Consumer Sentiment တိုးနှုန်းသည် အမြင့်ဆုံးဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံသားများ၏ စီးပွားရေးအပေါ် အကောင်းမြင်မှုသည် အချက်အလက်များစွာတွင် အခြေခံပါကြောင်း၊ အမေရိကန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်း ကျဆင်းခဲ့ပြီး အလုပ်သမားခေါ်ယူမှုသည် မြင့်တက်ခဲ့ကြောင်း၊ ငွေကြေးဖောင်းပွမှု နှေးကွေးလာသည့်အပြင် အပေါင်စာချုပ်ဖြင့် ချေးငွေအတိုးနှုန်းမှာလည်း ကျဆင်းလာခဲ့ကြောင်း၊ ငွေကြေးဖောင်းပွမှုနှင့် စပ်လျဉ်းသည့် စားသုံးသူများ၏ယူဆချက်သည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် (၂ ဒသမ ၉) ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပြီး ဤနှုန်းသည် ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလနောက်ပိုင်းတွင် အနည်းဆုံးဖြစ်ပါကြောင်း၊ အိမ်ဝယ်ယူမှုနှင့် ပတ်သက်သည့်အမြင်မှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက (၁၀) ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး ဤသို့မြင့်တက်လာခြင်းသည် လာမည့်နှစ်တွင် အပေါင်စာချုပ်ဖြင့်ချေးငွေအတိုးနှုန်းမှာ ကျဆင်းလာမည်ဟု ယူဆ၍ ဖြစ်ကြောင်း၊ အိမ်ထောင်စုများ၏ တစ်နှစ်ဝင်ငွေ အမေရိကန်ဒေါ်လာ (၁)သိန်း (သို့မဟုတ်) ယင်းထက်ပို၍ ဝင်ငွေရှိသည့် အိမ်ထောင်စုများအကြား စီးပွားရေးတိုးနှုန်းအပေါ် အကောင်းမြင်မှုပို၍ မြင့်တက်ခဲ့ကြောင်း၊ ယင်းသို့ဖြစ်ပေါ်သည့် အကြောင်းရင်းမှာ အမေရိကန်စတော့ဈေးကွက် ခိုင်မာလာ၍ဖြစ်ပါကြောင်း၊ ဝင်ငွေမြင့်မားသည့် အမေရိကန်အိမ်ထောင်စုများသည် ဝင်ငွေနည်းသည့် အိမ်ထောင်စုများထက် စတော့ရှယ်ယာပို၍ ပိုင်ဆိုင်ကြပါကြောင်း၊ အမေရိကန်နိုင်ငံသားများ၏ စီးပွားရေးအပေါ်ရှုမြင်မှုနှင့်ပတ်သက်၍ သတိထားရမည့်အချက်မှာ အမေရိကန်ဗဟိုဘဏ်၏ အတိုးနှုန်းတိုးတက်လာခြင်းကြောင့် အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်နိုင်သဖြင့် ၂၀၂၄ ခုနှစ်တွင် အမေရိကန်နိုင်ငံသည် စီးပွားရေးကျဆင်းမှုဖြစ်လာနိုင်သည်ဟု စီးပွားရေးပညာရှင်အချို့က ခန့်မှန်းထားကြောင်း၊ ငွေကြေးဖောင်းပွမှုသည် အရှေ့အလယ်ပိုင်းနှင့်ယူကရိန်းပဋိပက္ခတို့ကြောင့် ဆက်လက်မြင့်တက်လာနိုင်ကြောင်း၊ ဓာတ်ဆီဈေးနှုန်းနှင့် စားသောက်ကုန်ဈေးနှုန်း (သို့မဟုတ်) စတော့ရှယ်ယာဈေးနှုန်းများ မြင့်တက်ခြင်းကြောင့် အမေရိကန်နိုင်ငံသားများ၏ စီးပွားရေးတိုးနှုန်းအပေါ် အကောင်းမြင်စိတ်ကို ထိခိုက်စေနိုင်ကြောင်း၊ စီးပွားရေးတိုးတက်ကောင်းမွန်လာပါက အမေရိကန်ဗဟိုဘဏ်သည် အတိုးနှုန်းကို ကာလရှည်တိုးမြှင့်နိုင်သဖြင့် အမေရိကန်နိုင်ငံသားများသည် အိမ်၊ မော်တော်ယာဉ်နှင့် အသုံးအဆောင်ပစ္စည်းများကို ဈေးနှုန်းပိုပေး၍ ဝယ်ယူရနိုင်ပါကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

Source: **စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ**

## STOCK EXCHANGE (22.1.2024)


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 22nd Jan. 2024

**Total Trading** (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 37,442 (Shares) | 101,528,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,700 | 253 | 2,201,100 | 33,109,694 | 288,054 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 1,169 | 3,390,100 | 38,929,150 | 112,895 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 5 | 39,500 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | -50 | -3.13% | 1,550 | 1,550 | 1,550 | 562 | 871,100 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +100 | +4.17% | 2,500 | 2,500 | 2,500 | 52 | 130,000 | 12,823,224 | 32,058 |
| EFR | 00006 | 1,950 | -50 | -2.50% | 2,000 | 2,000 | 1,900 | 311 | 591,300 | 19,977,223 | 38,956 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 50 | 235,000 | 10,497,598 | 49,339 |
| MAEX | 00008 | 1,700 | -50 | -2.86% | 1,750 | 1,750 | 1,700 | 5,040 | 8,570,000 | 23,804,946 | 40,468 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 22nd Jan. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 365.77 | -1.27 | -0.35% | 367.72 | 367.72 | 365.24 | 7,442 | 16,028,100 | 8 | 689,918 |

### Index chart



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 22nd Jan. 2024

| Trading Volume | Trading Value |
|---|---|
| 37,442 (Shares) | 101,528,100 (MMK) |

## Main Board

As of 1:00 pm, 22nd Jan. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 37,442 (Shares) | 101,528,100 (MMK) |

| MYANPIX | 365.77 ▼ 1.27 |
|---|---|
| Total Volume (shares) | 7,442 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 689,918 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,550 | ▼ 50 |
| TMH | 00005 | 2,500 | ▲ 100 |
| EFR | 00006 | 1,950 | ▼ 50 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,700 | ▼ 50 |